# ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်း

Our Students. Their Moment.

## မကြာခဏမေးလေ့ရှိသော မေးခွန်းများ

နယူးယောက်ပြည်နယ်အနှံ့ရှိ မိဘများသည် ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်း များအကြောင်း ပိုမိုသိရှိလိုကြသည်။ ထိုစံနှုန်းများနှင့်ပတ်သက်သည့် မကြာခဏမေးလေ့ရှိသော မေးခွန်းများနှင့် အဖြေများကို အောက်တွင် တွေ့ရှိနိုင်သည်။ ၄င်းတို့သည် အချိန်ကာလလိုက်၍ ပြောင်းလဲနိုင်သည်။ ထိုစံနှုန်းများနှင့်ပတ်သက်သည်တို့ကို ပိုမိုသိလိုပါက သင့်ကလေး၏ ဆရာ၊ သို့မဟုတ် ကျောင်းအုပ်အား ဆက်သွယ်မေးမြန်းနိုင်သည်။

**မေး - ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများ ဆိုတာဘာလည်း?**
ဖြေ - ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများသည် မူကြိုမှ ၁၂တန်းအထိ ကျောင်းသားများ သိသင့်သော အင်္ဂလိပ်ဘာသာ အခြေပြု ဂိဏ္ဍာတွဲနှင့် သင်္ချာဘာသာများကို ဖေါ်ပြသည်။ ထိုစံနှုန်းများသည် ပြည်နယ်တွင်းရှိသော ကျောင်းသူ၊ ကျောင်းသားအားလုံး တူညီစွာတတ်မြောက်ရန် အကူအညီပေးမည်ဖြစ်သည်။ ၄င်းတို့ တက္ကသိုလ်ပညာသင်ရန်နှင့် အလုပ်ခွင်ဝင်ရန်လည်း ပြင်ဆင်ပေးမည်။ ထိုစံနှုန်းများတွင် ဆရာ၊ ဆရာမများမှ ကျောင်းသားများအတွက် အရေးပါ လိုအပ်သည့် အကြောင်းအရာများကို သင်ကြားပေးရန်အတွက် "အပြောင်းအလဲများ" ပါရှိသည်။ စံနှုန်းများမှာ လူငယ်များ တက္ကသိုလ်ပညာသင်ရန်နှင့် အလုပ်ခွင်ဝင်ရန် အဆင်သင့်ဖြစ်စေဖို့ ဖန်တီးတည်ဆောက်ထားခြင်းဖြစ်သည်။

**မေး - ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကြောင့် ကျောင်းသားအားလုံး သင်ယူမှု လျော့နည်းသွားနိုင်ပါသလား?**
ဖြေ - မဟုတ်ပါ။ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများသည် လုပ်ငန်းခွင်နှင့် ပညာရေး အောင်မြင်စေရန် အခြားပြည်နယ်နှင့် နိုင်ငံအသီးသီးမှ အကောင်းဆုံးသော စံနှုန်းများကိုယူ၍ သုတေသနပြုကာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများသည် ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူများ လိုအပ်သည့် အဓိက ကျွမ်းကျင်မှုများကို အတန်းအလိုက်သင်ကြားပို့ချရန် ညွှန်ကြားထားသည်။ ထို့ကြောင့် ကျောင်းသားများသည့် အကြောင်းအရာ အနည်းငယ်နှင့် ပက်သက်၍ ပိုမိုသိရှိမည်ဖြစ်သည်။ ထိုနည်းတူစွာ၊ ဆရာ၊ ဆရာမများသည်လည်း အသေးစိတ်သင်ကြားနိုင်ရန် အချိန်ပိုရမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားမှုများပေါ်ပိုမိုနားလည်းသိရှိရန် အခွင့်အလမ်းတရပ်ပင်ဖြစ်သည်။

**မေး - ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများ ဆရာ၊ ဆရာမများအား ဘယ်လိုသင်ကြားပြသရန် ညွှန်ကြားပါသလား?**
ဖြေ - မဟုတ်ပါ။ ၄င်းတို့မှာ ဆရာများအတွက် အကောင်းဆုံး သင်ခန်းစာများကို ပြင်ဆင်ပေးသည့် သင်ထောက်ကူ ပစ္စည်းပင်ဖြစ်သည်။ ထိုနည်းတူစွာ၊ ၄င်းစံနှုန်းများသည် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို အတန်းအလိုက် မည်သို့မည့်ပုံ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်ရန် ကူညီလမ်းပြပေးသည်။ ၄င်းတို့သည် မိဘ၊ ဆရာ၊ ကျောင်းသား များအတွက် အရေးပါသော လမ်းပြမြေပုံများဖြစ်ပေသည်။

**မေး - ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကို မည်သို့ တည်ဆောက်ခဲ့သနည်း?**
ဖြေ - ပြည်နယ်ပေါင်း လေးဆယ့်ခြောက်ပြည်နယ် မှ ကျွမ်းကျင်သူများ၊ ဆရာများ၊ ပညာရှင်များ သည် နယူးယောက်ပြည်နယ်ရှိ ဆရာများနှင့် မိဘများမှ ဖေါ်ဆောင်ပေးသော ယူဆချက် အကြံအစီပေါင်း ၁၀၀၀၀နီးပါးပေါ် အခြေခံကာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကို ရေးဆွဲခဲ့သည်။ နယူးယောက်ပြည်နယ်သည် ၄င်း စံနှုန်းများကို ၂၀၁၀ တွင် လက်ခံကျင့်သုံးခဲ့သည်။ ထိုစံနှုန်းများသည် ကျွန်ုပ်တို့၏ ကျောင်းခန်းများနှင့် လိုက်ဖက်ညီကာ ကျောင်းသားများ ပိုမို တတ်မြောက်ရန် ကူညီလိမ့်မည်။ အပြည့်အစုံကို http://corestandards.org/the-standards တွင်လေ့လာနိုင်သည်။

**မေး -ဒါဆို စာမေးပွဲတွေ ပိုများလာနိုင်ပါသလား?**
ဖြေ - မဟုတ်ပါ။ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကြောင့် စာမေးပွဲများ ပိုမများလာပါ။ သို့သော် ပိုမိုကောင်းမွန်သော စာမေးပွဲများပေါ်ပေါက်လာမည်။ ဧပြီလ ၂၀၁၃မှ စ၍ နယူးယောက်ပြည်နယ် အတန်းတင်စာမေးပွဲများသည် ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများတွင် ပါဝင်သော ၃တန်းမှ ၈တန်းအထိ ကျောင်းသားများ သိသင့်သည့် ဂိဏ္ဍာဘာသာရပ်များနှင့် သင်္ချာဘာသာများကို စစ်ဆေးမည်။ ထိုစာမေးပွဲများသည် စံနှုန်းများတွင် ဖေါ်ပြထားသော "အပြောင်းအလဲများ" နှင့် စပ်လျှင်းနေမည်ဖြစ်သည်။ ထိုစာမေးပွဲများသည် ကျောင်းသားများ အတန်းအလိုက်သိရှိသင့်သည့် တို့ကို သေချာသိရှိရန် ဆောင်ရွက်ပေးလိမ့်မည်။

**မေး - ထိုစာမေးပွဲ အသစ်များသည် ပိုမိုခက်ခဲပါသလား?**
ဖြေ - အစပိုင်းတွင်တော့ ပိုခက်သရောင် ရှိမည်။ ဤသည်မှာ ပုံမှန်ဖြစ်သည်။ စာမေးပွဲအသစ်များသည် စံနှုန်းများတွင်ပါသော "အပြောင်းအလဲများ" ပေါ်အခြေခံထားသည်။ အချိန်ကြာလာသည်နှင့်အမျှ ကျောင်းသားများနှင့် ဆရာများသည် ရှင်းလင်းသော မျှော်မှန်းချက်များ၌ အသားကျသွားမည်ဖြစ်သည်။ ထိုနည်းတူစွာပင်၊ ကျောင်းသား၊ ကျောင်းသူများ၏ အမှတ်များလည်း ပထမ တစ်နှစ်၊ နှစ်နှစ် အတွင်း ထိုးကျသွားနိုင်သည်။ သို့သော် ထိုစာမေးပွဲများသည် ကျောင်းသားများ၏ တိုးတက်မှုအတွက် အရေးပါသော သင်ထောက်ကူ ပစ္စည်းဖြစ်သည်။ ၄င်းတို့သည် ဆရာများနှင့် ကျောင်းအုပ်များမှ အကူအညီ လိုအပ်နေသော ကျောင်းသားများကို ရှာဖွေကာ နောက်အတန်းသို့ အောင်မြင်စွာ ကူးပြောင်းရန်လမ်းပြပေးရာတွင် အထောက်အကူပြုပေသည်။

**မေး - ဒုက္ခိတကျောင်းသားများနှင့် အင်္ဂလိပ်ဘာသာ လေ့လာသင်ယူနေသူများအတွက် ဘယ်လိုသက်ရောက်မလဲ?**
ဖြေ - စံနှုန်းများသည် ဆရာများမှ ဘာသာရပ်များကို အသေးစိတ်သင်ကြားနိုင်ရန် အချိန်ပိုရရှိအောင် ကူညီပေးသည်။ ထို့အချက်ကြောင့် ကျောင်းသားများသည် သင်ယူသည်တို့ကို အမှန်တကယ်နားလည်ဖို့ အခွင့်အလမ်းကောင်းတခုရသည်။ ဒုက္ခိတကျောင်းသားများနှင့် အင်္ဂလိပ်စာသင်ယူနေသူများအတွက် ရှင်းလင်းသော ညွှန်ပြမှုရှိပြီးဖြစ်သည်။ ထို့အတူ၊ ပြည်နယ်များအားလုံးလည်း ထိုကိစ္စရပ်များကို ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်နေကြသည်။ ဤသည်မှာ သင်ကြားသူအားလုံးအတွက် အလွန်အားကောင်းသော အထောက်အကူ စနစ်ဖြစ်ပေလိမ့်မယ်။

**မေး - ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများသည် တတိုင်းပြည်လုံးမှကျောင်းသားများအတွက် ဘယ်လိုသက်ရောက်မလဲ?**
ဖြေ - စံနှုန်းများတွင် တတိုင်းပြည်လုံးအတွက် ရှင်းလင်းသော ညွှန်ပြမှုရှိပြီးဖြစ်သည်။ ယခင်က ပြည်နယ်တခုစီတွင် စံနှုန်းသပ်သပ်စီရှိသည်။ ဆိုလိုသည်မှာ အမေရိကန်ရှိ ကျောင်းသားများသည် အမျိုးမျိုး အဖုံဖုံသော သင်ရိုး၊ သင်နှုန်းများဖြင့် သင်ယူခဲ့ကြသည်။ ပြည်နယ်လုံးကျွတ် ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများသည် နယူးယောက် ပြည်နယ်မှ ကျောင်းသားအားလုံးကို အဆင့်တန်းမြင့် ပညာသင်ယူနိုင်ရန် တန်းတူအခွင့်အရေး ရစေမည်။ ထိုမှတဆင့် ပိုမိုအောင်မြင်သော တက္ကသိုလ်ပညာ၊ အလုပ်အကိုင် နှင့် ဘဝတို့ကို ဦးဆောင်လမ်းပြ ပေးနိုင်ပေသည်။

**မေး - စံနှုန်းများမြှင့်တင်လျှင် ကျောင်းသားများ ကျောင်းထွက်နှုန်း တိုးလာမလား?**

ဖြေ - ထိုသို့ တိုးမလာနိုင်ပါ။ သုတေသန ပြချက်များအရ ကျောင်းသားများ ကျောင်းထွက်နှုန်းသည် အခြား အချက်အလက်များစွာပေါ်မူတည်နေသည်။ ထို့အတူ ရှာဖွေချက်များအရ ကျောင်းသားများသည် ကျောင်း၌ စိန်ခေါ်မှုများကို လိုလားကြသည်။ ဥပမာ၊ ၁၀ဦးတွင် ၇ဦးသော ကျောင်းထွက်များ သည် ၎င်းတို့ကျောင်းထွက်ရခြင်းမှာ ပညာရေးစိန်ခေါ်မှု မရှိသောကြောင့်ဟုဖေါ်ပြသည်။ ၎င်းတို့ကို ပိုမိုစိန်ခေါ်ခဲ့လျှင် ပိုမို ကြိုးစားဖြစ်ခဲ့မည်ဟု သုံးပုံ၊ နှစ်ပုံသော ကျောင်းထွက်များက ဆိုသည် (ပိုခက်သော အိမ်စာများ၊ ကောင်းမွန်သော မျှော်မှန်းချက်များ၊ အစရှိသဖြင့်)[1]။

**မေး - အင်္ဂလိပ်ဘာသာအခြေပြု ဂဏ္ဍတွဲနှင့် သင်္ချာဘာသာများ အလေးထားသော ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကို ကျင့်သုံးခြင်းကြောင့် အခြား ဂဏ္ဍ၊ သိပ္ပံဘာသာများနှင့် နည်းပညာဘာသာများအတွက် အားနည်းသွားနိုင်သလား?**
ဖြေ - မဟုတ်ပါ။ ဘာသာရပ်အားလုံးသည် ကျောင်းသားများ အထက်တန်းလွန်အောင်မြင်ရေးအတွက် အရေးပါကြောင်း နယူးယောက်ပြည်နယ်မှ နားလည်သည်။ အလုံးစုံ ကျွမ်းကျင်သော အထက်တန်းအောင် ကျောင်းသားသည် ပြည်နယ်အတွက် အလွန်အရေးပါသည်။ ပိုမိုရှင်းလင်းသော ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကြောင့် ဆရာများသည် ဘာသာရပ်ပေါင်းစုံမှာ အကြောင်းအရာများကို ထည့်သွင်းသင်ကြားနိုင်သည်။ ဆိုလိုသည်မှာ၊ ကျောင်းသား၊ ကျောင်းသူများသည် သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ အင်္ဂလိပ်စာအခြေပြု ဂဏ္ဍဘာသာရပ်များ နှင့် အခြား ဘာသာရပ်များ ပါဝင်သော သင်ခန်းစာများကို ရရှိမည် ဖြစ်သည်။

**မေး - ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများသည် အရည်အသွေးမပြည့်မှီသော ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို ယုတ္တိမရှိသော မျှော်မှန်းချက်များဖြင့် ဒဏ်ခတ်နိုင်သလား?**
ဖြေ - မဟုတ်ပါ။ များသောအားဖြင့် အရည်အသွေးမပြည့်မှီသော ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည် နိမ့်ကျသော မျှော်မှန်းချက်များဖြင့်သာ ကြုံရသည်။ နယူးယောက်ပြည်နယ်သည် ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများကို ကျင့်သုံးခြင်းမှာ အားလုံးသော ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့် ပညာရေးရရှိရန် ဖြစ်သည်။

**စာလုံးရှင်းလင်းချက် -**

- အပြောင်းအလဲ – ဆရာများသင်ကြားပုံနှင့် ကျောင်းသားများသင်ယူပုံ အပြောင်းအလဲ
- ဖတ်စာ – ရေးသားထားသော စာပေများ
- သုတစာပေ – ဖြစ်ရပ်မှန်အခြေခံ ဖတ်စာများ
- သက်သေ သာဓက – ဖတ်စာတွင်းမှ အထောက်အထား
- လျှောက်လဲချက် – ကျောင်းသားများမှ အခြားသူများ လက်ခံစေရန် ရှင်းလင်းမှု
- စီရင်ချက်များ – ကျောင်းသားများမှ အဘယ်ကြောင့် ဖတ်ရှုရသည်ကို ချိုင့်သုံးသပ်မှု
- ပစ်မှတ် – ပိုမိုနည်းပါးသော အကြောင်းအရာများအကြောင်းအပေါ် အသေးစိတ် ပိုမိုလေ့လာခြင်း
- အမြန်နှင့်အမှန် – ကျောင်းသားတဦးမှ သင်္ချာပုစ္ဆာများကို မည်မျှမြန်မြန်နှင့် အမှန်တွက်ချက်နိုင်ပုံ

**အရင်းအမြစ် အချက်အလက်များ**

- ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်းများ စီမံကိန်း: http://www.corestandards.org/
- ကြီးမြတ်သောမြို့များ၏ကျောင်းတော်များကောင်စီ: http://www.cgcs.org
- အင်ဂေျ့နယူးယောက်: www.engageny.org
- နိုင်ငံလုံးဆိုင်ရာမိဘဆရာအသင်း: http://pta.org

[1] လူမှုလုပ်ငန်း။ *အသံတိတ်ရောဂါ - အထက်တန်းကျောင်းထွက်များ၏ အမြင်။* မတ်လ ၂၀၀၆.
http://www.saanys.org/uploads/content/TheSilentEpidemic-ExecSum.pdf